# KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## နောက်ဆုံးရဒေသတွင်းသတင်းတို

ဇူလိုင်လ ၃၁ ရက်, ၂၀၂၄ ခုနှစ် / KHRG စာအမှတ် - 24-118+49-D1

# ဒူးပလာယာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ကရူတူးမြို့နယ်တွင် SAC မှ ကျေးရွာအတွင်းလက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားများသေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ လူနေအိမ်များထိခိုက်ပျက်စီးခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီကို ပေးဝေနေသည့်အရပ်သားတစ်ဦးကိုလည်းပစ်သတ်ခြင်း (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလနှင့်မတ်လအတွင်း ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်တွင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့၌ SAC တပ်ဖွဲ့သည် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်ရှိ ကျေးရွာများအတွင်း လက်နက်ကြီးများရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် ရွာသားနှစ်ဦးအား ထိမှန်၍ဒဏ်ရာရရှိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ပူးပေါင်းတပ်ဖွဲ့များသည် ကရူတူး မြို့ရှိ SAC ရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် SAC ရဲတပ်ဖွဲ့နှင့် ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၅၄၆) တို့သည် ကရူတူးမြို့နယ်အတွင်းသို့ (၁၂၀ မမ) လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ကရူတူးမြို့နယ်၊ ကော့ဝါလယ်ကျေးရွာအုပ်စု၊ စျ---ကျေးရွာတွင် လက်နက်ကြီးများကျရောက်ပေါက်ကွဲသောကြောင့် အသက် (၁၅) နှစ် အရွယ်ရှိသောယောကျ်ားလေးတစ်ဦးအား ထိမှန်၍သေဆုံးခဲ့သည်။ ကရူတူးမြို့တွင်လည်း လက်နက်ကြီးများကျရောက်ပေါက်ကွဲသောကြောင့် အရပ်သားနေအိမ် (၃၉) လုံး ထိခိုက်ပျက်စီးသွားပြီး အရပ်သားပြည်သူ (၁၆) ဦးအား ထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသည့်အရပ်သား (၁၆) ဦးအနက် နှစ်ဦးမှာ ကလေးများဖြစ်ကြသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မနက် (၈း၃၀) မိနစ်တွင် SAC သည် စောအ---အား ပစ်သတ်ခဲ့သည်။ စောအ--- သည် ကရူတူးမြို့ တွင် တိုက်ပွဲနှင့်လက်နက်ကြီးပစ်ခတ်မှုကြောင့် ပိတ်မိနေကြသည့်ပြည်သူများကို သောက်သုံးရေများ လိုက်ဝေပို့ပေးရာ တွင် SAC မှ ၎င်းအား ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် အဆိုပါ SAC စစ်သားများသည် ကရူတူးမြို့အတွင်းသို့ နောက်တဖန် လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သောကြောင့် အသက် (၆၇)နှစ်အရွယ်ရှိသော ဒေါ်ဘ---အား ထိမှန်၍ သေဆုံးသွားခဲ့သည်။* [1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီနှင့်ဧပြီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါ

## ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ - ကရူတူးမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားများ သေဆုံး၊ ဒဏ်ရာရရှိခြင်း

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့၌ ည (၁၂)နာရီခန့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) အမှတ် (၁၂) လက်အောက်ခံဖြစ်သော ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၉၇)နှင့် အမြောက်တပ် (၃၂၁) တို့သည် ကရူတူးမြို့နယ်၊ လောက်ကိုင်ကျေးရွာအုပ်စု၊ ယ---ကျေးရွာအတွင်းသို့ လက်နက်ကြီးများရမ်းသမ်းပစ်ခတ်ခဲ့ပြီး ရွာသားနှစ်ဦးအား ထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ ထိုရွာသားနှစ်ဦးမှာ စောဆ---(၁၉နှစ်)နှင့် ဦးဒ---(၈၇နှစ်)တို့ဖြစ်ကြ သည်။ စောဆ---သည် သူ၏ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။ ဦးဒ---သည်လည်း သူ၏ခြေထောက်တွင် ဒဏ်ရာရရှိခဲ့ သည်။ ဦးဒ--၏ဒဏ်ရာသည် အနည်းငယ်ပြင်းထန်သောကြောင့် ဆေးကုသမှုရရှိရန်အတွက် ၎င်းအား ကရူတူးမြို့နယ်၊ ဝင်းကကျေးရွာအုပ်စု၊ အအ---ဆေးခန်းသို့ ပို့ဆောင်ခဲ့သည်။

## ၂၀၂၃ခုနှစ်၊ မတ်လ - ကရူတူးမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်မှုနှင့် အရပ်သားတစ်ဦးအား ပစ်သတ်မှု

၂၀၂၃ခုနှစ်၊ မတ်လ ၂၅ရက်နေ့၌ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ပူးပေါင်းတပ်ဖွဲ့များသည် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ ကရူတူးမြို့ရှိ SAC ရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲကြောင့် ကရူတူးမြို့ရှိ အရပ်သားပြည်သူများသည် ၎င်းတို့၏အိမ်ထဲတွင် ပိတ်မိနေပြီး အပြင်သို့ထွက်ရန်ကြောက်ရွံ့နေကြသည်။

ကျွန်းကလေးတပ်စခန်းတွင် အခြေစိုက်သော စကခ (၁၂) လက်အောက်ခံ ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၅၄၆) သည် (ကရူတူးမြို့နယ်အတွင်းရှိ) ကျေးရွာများသို့ လက်နက်ကြီး (၁၂၀ မမ)အား ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ပစ်ခတ်လိုက်သောတစ်ချို့လက်နက်ကြီးများသည် ကရူတူးမြို့နယ်၊ ကော့ဝါလယ်ကျေးရွာအုပ်စု၊ ၈ျ---ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လက်နက်ကြီးအစအနသည် အသက် (၁၅)နှစ်အရွယ်ရှိသော စောဃ---၏လည်ပင်းအား ထိမှန်၍ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

မနက် (၈း၃၀)မိနစ်အချိန်တွင် အရပ်သားတစ်ဦးဖြစ်သော စောအ---သည် (၂၃ နှစ်) လူသားချင်းစာနာထောက်ထားမှုစိတ်ဓာတ်ဖြင့် ကရူတူးမြို့သို့သွား၍ မြို့တွင်းပိတ်မိနေကြသည့်ပြည်သူများကို သောက်သုံးရေများ လိုက်ဝေပို့ပေးခဲ့သည်။ တိုက်ပွဲကြောင့် မြို့တွင်းပိတ်မိနေသည့်ပြည်သူများကို သောက်သုံးရေများ လိုက်ဝေနေစဉ်အတွင်း SAC စစ်သားတစ်ဦးသည် စောအ---အား ပစ်သတ်သွားခဲ့သည်။

---

သည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံနှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

(SAC ရဲစခန်းအား တိုက်ခိုက်ခံရသည့်အတွက်ကြောင့်) ကျွန်းကလေးတပ်စခန်းတွင် အခြေစိုက်သော စကခ (၁၂) လက်အောက်ခံ ခမရ (၅၄၆) သည်လည်း စစ်ကူအနေဖြင့် KNLA နှင့် PDF စစ်သားများ၏တိုက်ခိုက်ခြင်းမှ ကာကွယ်ရန်အတွက် ကရူတူးမြို့သို့ လက်နက်ကြီးများအား ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ဤလက်နက်ကြီးပစ်ခတ်မှုကြောင့် ကရူတူးမြို့ရှိ အရပ်သားနေအိမ် (၃၉)လုံး ထိခိုက်ပျက်စီးသွားခဲ့ပြီး အရပ်သားများလည်း လက်နက်ကြီးအစအနများ ထိမှန်ပြီး ဒဏ်ရာရရှိခဲ့ကြသည်။

ကရူတူးမြို့နယ်၊ ကရူတူးမြို့၊ အမှတ် (၂) ရပ်ကွက်တွင် အရပ်သားပြည်သူ (၆)ဦးအား လက်နက်ကြီးအစအနများ ထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။

| စဉ် | နာမည် | အသက် | ဆေးကုသမှုခံယူသည့်ဆေးရုံ |
|---|---|---|---|
| ၁ | ဦးဖ--- | ၄၄ နှစ် | သာယာကုန်း၊ ကျုံးဒိုးဆေးရုံ |
| ၂ | ဒေါ်ဂ--- | ၄၀ နှစ် | သာယာကုန်း၊ ကျုံးဒိုးဆေးရုံ |
| ၃ | မောင်ဟ--- | ၅ နှစ် | သာယာကုန်း၊ ကျုံးဒိုးဆေးရုံ |
| ၄ | ဦးဇ--- | ၆၅ နှစ် | သာယာကုန်း၊ ကျုံးဒိုးဆေးရုံ |
| ၅ | ဦးသ--- | ၅၅ နှစ် | ကွက်သစ်တောင်ကလေးဆေးရုံ |
| ၆ | က--- | ၄၀ နှစ် | ကမ်းနားတောင်ကလေးဆေးရုံ |

ကရူတူးမြို့နယ်၊ ကရူတူးမြို့၊ အမှတ် (၃) ရပ်ကွက်တွင် အရပ်သားပြည်သူ (၁)ဦးအား လက်နက်ကြီးအစအန ထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။

| စဉ် | နာမည် | အသက် | ဆေးကုသမှုခံယူသည့်ဆေးရုံ |
|---|---|---|---|
| ၁ | လ--- | ၄၀ နှစ် | တောင်ကလေးဆေးရုံ |

ကရူတူးမြို့နယ်၊ ကရူတူးမြို့၊ အမှတ် (၄) ရပ်ကွက်တွင် အရပ်သားပြည်သူ (၉) ဦးအား လက်နက်ကြီးအစအနများ ထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။

| စဉ် | နာမည် | အသက် | ဆေးကုသမှုခံယူသည့်ဆေးရုံ |
|---|---|---|---|
| ၁ | ဦးမ--- | ၆၅ နှစ် | ဘားအံမြို့ တောင်ကလေးဆေးရုံ |
| ၂ | ဒေါ်န--- | ၆၀ နှစ် | ဘားအံမြို့ တောင်ကရင်စုဆေးရုံ |
| ၃ | မောင်ဝ--- | ၆ နှစ် | ဘားအံမြို့ တောင်ကရင်စုဆေးရုံ |
| ၄ | မပ--- | ၄၈ နှစ် | ဘားအံမြို့ တောင်ကရင်စုဆေးရုံ |
| ၅ | ကိုခ--- | ၃၅ နှစ် | ဘားအံမြို့ တောင်ကရင်စုဆေးရုံ |
| ၆ | ဦးရ--- | ၅၄ နှစ် | ဘားအံမြို့ တောင်ကရင်စုဆေးရုံ |
| ၇ | မောင်စ--- | ၄၅ နှစ် | ဘားအံမြို့ တောင်ကရင်စုဆေးရုံ |
| ၈ | မောင်တ--- | ၉၂ နှစ် | ဘားအံမြို့ တောင်ကရင်စုဆေးရုံ |

| | | | |
|---|---|---|---|
| ၉ | ဦးဗ--- | ၅၀ နှစ် | မောင်လမြိုင်ဆေးရုံ |

၂၀၂၃ခုနှစ်၊ မတ်လ ၂၆ရက်နေ့ မနက် (၁၀)နာရီခန့်တွင် ကျွန်းကလေးတပ်စခန်းတွင် အခြေစိုက်သော စကခ (၁၂) လက် အောက်ခံ ခမရ (၅၄၆) သည် (နောက်တစ်ဖန်) ကရူတူးမြို့သို့ (၁၂၀ မမ) လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ပြီး အသက် (၆၇)နှစ်အရွယ်ရှိသော ဒေါ်ဘ---အား ထိမှန်ပြီး (အလွန်ပြင်းထန်စွာ) ဒဏ်ရာရရှိခဲ့သည်။ ဒေါ်ဘ---အား လက်နက်ကြီးအစအနများ ထိမှန်၍ဒဏ်ရာရရှိပြီး တစ်ချိန်တည်းမှာပင် ဆေးကုသမှုခံယူရန်အတွက် သူမအား ကရူတူး ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ သို့သော်လည်း ဒေါ်ဘ---သည် နှလုံးရောဂါအခံရှိပြီး အခုလိုပြင်းထန်စွာ ဒဏ်ရာရရှိသော ကြောင့် ဆေးရုံတွင် ကွယ်လွန်သွားခဲ့သည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှ ၂၆ရက်နေ့အထိ ကရူတူးမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်မှုကြောင့် စုစုပေါင်းရွာ သားများ (၁၆) ဦးဒဏ်ရာရရှိခဲ့ပြီး (၂) ဦးသေဆုံးခဲ့သည်။ ထို့အပြင် SAC မှ ရွာသားတစ်ဦးကို ကရူတူးမြို့ထဲ တွင် ပစ်သတ်ခဲ့သည်။

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင် ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ် သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများ နှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။